## အမျိုးသားကျန်းမာရေးအာမခံကြေး ငွေလွှဲရန် လျှောက်ထားပါ

သတ်မှတ်ထားသော အကောင့်မှ အလိုအလျောက် ငွေပေးချေသောကြောင့်
ပေးလွဲရန် မေ့ခြင်းများ မရှိတော့ပါ

(လမ်းညွှန်)

### လုပ်ဆောင်ရမည့်နည်းလမ်းများ

☆ **"အကောင့်မှငွေလွှဲခြင်း (အလိုအလျောက်ပေးချေရန်) တောင်းဆိုလွှာ" (ဤစာ) တွင် လိုအပ်သော အချက်များကို ဖြည့်သွင်းပြီး အမျိုးသားကျန်းမာရေးအာမခံဌာနသို့ ပို့ခြင်း၊ သို့မဟုတ် ဘဏ်ကောင်တာတွင် တိုက်ရိုက် (အရှေ့ပိုင်း၊ အနောက်ပိုင်းမြို့များရှိ ရပ်ကွက်ရုံးများတွင်လည်း လျှောက်ထားနိုင်) လျှောက်လွှာတင်ပါ။**

＊ ပထမ စာရွက်တွင် သတ်မှတ်ထားသော ငွေကြေးအဖွဲ့အစည်း မှတ်ပုံတင် တံဆိပ်တုံးကို မပျက်မကွက် ထုပါ။

＊ ၃ ရွက်မြောက် "အသုံးပြုသူအတွက် မိတ္တူ"ကို သိမ်းထားပါ။

＊ လျှောက်လွှာမတင်ခင် "တောင်းဆိုလွှာ" နောက်ကျောရှိ "သဘောတူချက်" ကို မပျက်မကွက် အတည်ပြုပါ။

### ငွေလွှဲရက်

☆ **လျှောက်လွှာတင်သည့်လမှ ၂လအကြာမှစ၍ လစဉ်လကုန်ရက်တွင် ငွေလွှဲမည်မှာ စည်းမျဉ်းဖြစ်သည်။**

＊ လကုန်ရက်သည် ငွေကြေးအဖွဲ့အစည်း၏ ပိတ်ရက်ဖြစ်ပါက နောက်တစ်ရက်ရုံးဖွင့်ရက်တွင် ငွေလွှဲမည်။

＊ လုပ်ထုံးလုပ်နည်း အခြေအနေကိုလိုက်၍ စတင်ငွေလွှဲသည့်လကို ပြောင်းလဲသည့် အခါများလည်းရှိသည်။

＊ ပထမဆုံးအကြိမ် ငွေလွှဲသည့်လမတိုင်မီ "အကောင့်မှငွေလွှဲမှု စတင်ကြောင်း အသိပေးစာ" ကို ပို့မည်။

＊ လစဉ် ငွေလွှဲသည့် အခြေအနေကို ငွေကြေးအဖွဲ့အစည်း၏ ဘဏ်စာအုပ်တွင် အတည်ပြုပါ။

＊ ဒီဇင်ဘာလ လလည်တွင် အဆိုပါနှစ်၏ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စပ်ကြားတွင် နှုတ်ယူခဲ့သည့် လွှဲပြောင်းအာမခံကြေးပမာဏကို ရေးထားသော "အကောင့်မှငွေလွှဲမှုပြီးဆုံးကြောင်း အသိပေးစာ"ကို ပို့ပါမည်။

### သတိပြုရန်အချက်များ

• အကောင့်ငွေလွှဲမှု မစခင်တွင် အာမခံကြေးများကို သီးခြားငွေပေးချေလွှာဖြင့် သတ်မှတ်ရက်မတိုင်မီ ငွေပေးချေပါ။

• အကောင့်ထဲတွင် ငွေကြေးအလုံအလောက် မရှိသောကြောင့် ငွေလွှဲ၍ မရပါက "အကောင့်မှ ငွေလွှဲမှုမလုပ်ဆောင်နိုင်ကြောင်း သတိပေးစာ"ကို ပို့ပါမည်။

◎ မလွှဲနိုင်လိုက်သော အာမခံကြေးကို နောက်တစ်လစာ အာမခံကြေးနှင့် ပေါင်း၍ နောက်တစ်ကြိမ်လွှဲခြင်း (တစ်ကြိမ်တည်းသာ) ပြုလုပ်မည်ဖြစ်၍ နောက်လ ငွေလွှဲရက်မတိုင်မီ အကောင့်ထဲသို့ ငွေသွင်းရန် ငွေပမာဏကို ပြင်ဆင်ထားပါ။

◎ အကောင့်မှငွေလွှဲမှု စတင်ကြောင်း အသိပေးစာပါ အာမခံကြေးနှင့် သက်ဆိုင်သော အသိပေးစာမှာ **အိမ်ထောင်ဦးစီးထံသို့ ပို့ပေး**မည်။ အကောင့်ပိုင်ရှင်မှာ အိမ်ထောင်ဦးစီး မဟုတ်ပါက အသိပေးစာပါ အကြောင်းအရာများကို အကောင့်ပိုင်ရှင်မှလည်း အတည်ပြုပေးပါ။

• တစ်နှစ်စာ အာမခံကြေးအားလုံးကို တစ်ခါတည်းလွှဲပြောင်းခြင်း (လျှော့ဈေးမရှိပါ) ကို ပြုလုပ်လိုပါက မေးမြန်းစုံစမ်းနိုင်ပါသည်။

| | |
|---|---|
| မေးမြန်းစုံစမ်းရန် | တိုရှိမမြို့ အမျိုးသားကျန်းမာရေးအာမခံဌာန အကောင့်တာဝန်ခံ<br>စာတိုက်အမှတ် ၁၇၁-၈၄၂၂ တိုရှိမမြို့ မိနမိအိခဲဘုခုရိုး ၂-၄၅-၁<br>ဖုန်း ၀၃-၃၉၈၁-၁၄၆၈ (တိုက်ရိုက်ဆက်သွယ်ရန်) |

**သဘောတူညီချက် (Japan Post ဘဏ်မပါပါ)**

၁။ သင့်ဆိုင်သို့ ငွေတောင်းခံလွှာ ပို့လာပါက ကျွန်ုပ်ကို အသိမပေးဘဲ မြို့၏ သတ်မှတ်ထားသော ငွေပေးချေရန် နောက်ဆုံးရက်တွင် ငွေတောင်းခံလွှာ တွင်ဖြည့်သွင်းသော ငွေပမာဏကို ငွေအပ်ထားသောအကောင့်မှ နှုတ်ယူပြီး ငွေပေးချေပါ။ ထိုသို့ပြုလုပ်ပါက အပ်ငွေဆိုင်ရာစည်းမျဉ်း သို့မဟုတ် တိုးဇအကောင့်၏ တွက်ချက်မှု စည်းမျဉ်းများနှင့် မသက်ဆိုင်ဘဲ သင့်ဆိုင်မှ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း ဆက်လက်လုပ်ဆောင်ပါ။

၂။ ငွေလွှဲရက်တွင် ငွေတောင်းခံလွှာတွင် ဖြည့်သွင်းသော ငွေပမာဏမှာ ငွေအပ်ထားသောအကောင့်မှ ပြန်အမ်းနိုင်သော ငွေပမာဏ (လက်ရှိအကောင့်မှ ငွေပိုထုတ်ခြင်းကို အသုံးပြုနိုင်သော အကန့်အသတ် ပမာဏအတွင်းရှိ ငွေပမာဏ အပါအဝင်) ကို ကျော်လွန်သွားပါက ကျွန်ုပ်ထံ သတိမပေးဘဲ ငွေတောင်းခံလွှာကို ပြန်ပို့၍ ရပါသည်။

၃။ ဤစာချုပ်ကို ဖျက်သိမ်းလိုပါက ကျွန်ုပ်ထံမှ သင့်ဆိုင်ထံ စာရွက်စာတမ်းဖြင့် အကြောင်းကြားမည်။ ထို့အပြင် ဤအကြောင်းကြားစာ မရှိလျှက်နှင့် အချိန်အတန်ကြာ ငွေတောင်းခံမှုမရှိခြင်း စသည့် တာဝန်ခံ၏ အကြောင်းပြချက်များ ရှိပါက၊ အထူးသဖြင့် မတောင်းဆိုသေးသရွေ့ သင့်ဆိုင်သည် ဤစာချုပ်ကို သက်တမ်းကုန်ဆုံးသွားသည်ဟု သတ်မှတ်၍ ရပါသည်။ ထိုသို့ပြုလုပ်ပါက ကျွန်ုပ်ထံ သတိပေးရန် မလိုပါ။

၄။ ဤစာချုပ်နှင့် ပက်သက်၍ သံသယရှိစရာ အချက်များ ရှိလာသော်လည်း၊ သင့်ဆိုင်မှ တာဝန်ခံရမည့် အချိန်မှလွဲ၍ သင့်ဆိုင်ကို အခက်မတွေ့စေရပါ။

၅။ ဤ ငွေအပ်ထားသောအကောင့်မှ ငွေပေးချေခြင်းနှင့် စပ်လျဉ်း၍ ငွေလက်ခံဖြတ်ပိုင်းကို မတောင်းဆိုပါ။

Japan Post ဘဏ်ကို သတ်မှတ်အသုံးပြုပါက အလိုအလျောက် ငွေပေးချေမှု စည်းမျဉ်းများကို လိုက်နာအသုံးချရပါမည်။

ဖြည့်သွင်းရန်နမူနာ

☆ အရောင်ခြယ်ထားသော နေရာများကို ဘောပင်ဖြင့် ထင်ရှားအောင် ရေးပါ။
☆ ဖြည့်သွင်းချက်များကို ပြင်ဆင်လိုပါက ပြင်ဆင်ခြင်းတံဆိပ်တုံးကို ထုပါ။
※ငွေကြေးဆိုင်ရာအဖွဲ့အစည်း မှတ်ပုံတင်တံဆိပ်တုံးကို မှတ်ပုံတင်ထားပါက ငွေကြေးဆိုင်ရာ အဖွဲ့အစည်း မှတ်ပုံတင်တံဆိပ်တုံးတွင် တံဆိပ်တုံးကိုထုပါ။

**တိုရှိမမြို့ အမျိုးသားကျန်းမာရေးအာမခံကြေး အကောင့်မှငွေလွှဲခြင်း တောင်းဆိုလွှာ**
(အလိုအလျောက်ပေးချေခြင်း)

**(အသစ်၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း)**
↑○ တံဆိပ်တုံးကို ထုပါ။

အသုံးပြု ငွေကြေးအဖွဲ့အစည်းသို့

| လျှောက်လွှာတင်နေ့စွဲ | နှစ် လ ရက် |
|---|---|

| | |
|---|---|
| လိပ်စာ | 〒171-8422 豊島区 南池袋 2丁目 45番 1号 方 ※1 |
| အမည် | (フリガナ) コクホ タロウ<br>国保 太郎 |
| ဖုန်းနံပါတ် | 03-3981-1111 |
| အာမခံကတ်ပြား အမှတ်စဉ်နံပါတ် | 16- ※2 0 1 — 2 3 4 5 |
| ဘဏ် | ○○ 銀行・信用金庫・信用組合・農協 △△ 支店・出張所 |
| 金融機関コード / 支店コード | 金 融 機 関 記 入 欄 |
| အပ်ငွေအမျိုးအစား | ① သာမန် / 2 လက်ရှိ |
| အကောင့်နံပါတ် (ညာဘက်တွင်နေရာလွတ်မချန်ခဲ့ရန်) | 1 2 3 4 5 6 7 |
| Japan Post ဘဏ် 金融機関コード | 9 9 0 0 1 |
| အမှတ်စဉ် (၆လုံးမြောက်ဂဏန်းရှိပါက* အကွက်တွင်ဖြည့်ပါ) | 0 * |
| အမှတ် (ညာဘက်တွင်နေရာလွတ်မချန်ခဲ့ရန်) | |
| အကောင့်ပိုင်ရှင် ※3 | (フリガナ) コクホ タロウ<br>(氏名) 国保 太郎 |
| ငွေကြေးဆိုင်ရာအဖွဲ့အစည်း မှတ်ပုံတင်တံဆိပ်တုံး | ※4 (国保) サイン登録の場合にはサインを記入<br>※5 印鑑レス |

အထက်ပါ အမျိုးသားကျန်းမာရေးအာမခံကြေးကို ကျွန်ုပ်အမည်ဖြင့် (စုငွေ)အကောင့်မှ ငွေလွှဲခြင်း (အလိုအလျောက် ပေးချေခြင်း) နည်းလမ်းဖြင့် ငွေပေးချေလိုသဖြင့် စာချုပ်စသည့် ဖြည့်သွင်းရန်လိုအပ်သော အရာများကို အတည်ပြုပေးပါရန် တောင်းဆိုပါသည်

※1 လိပ်စာအကွက်တွင် တိုက်ခန်းအမည်၊ တိုက်၊ အခန်းနံပါတ်စသည့် အသေးစိတ်အချက်များကိုလည်း ဖြည့်သွင်းပါ။

※2 အာမခံကတ်ပြားအမှတ်စဉ်နံပါတ်ကို အမျိုးသားကျန်းမာရေးအာမခံဝင်ထားသူ၏ အာမခံကတ် အရှေ့စာမျက်နှာ ညာဘက် အပေါ်ပိုင်းတွင် အတည်ပြုပြီး ဖြည့်သွင်းပါ။

※3 အကောင့်ပိုင်ရှင်သည် အိမ်ထောင်ဦးစီးမဟုတ်လည်း ရပါသည်။ Furigana အကွက်တွင် katakana သို့မဟုတ် အင်္ဂလိပ် ဘာသာဖြင့် ဖြည့်သွင်းပါ။

※4 တံဆိပ်တုံးတွင် ငွေကြေးဆိုင်ရာအဖွဲ့အစည်း မှတ်ပုံတင်တံဆိပ်တုံးကို ပထမစာမျက်နှာတွင် မပျက်မကွက် ထင်ထင်ရှားရှား ထုပါ။ လက်မှတ်ဖြင့် မှတ်ပုံတင်လိုပါက <u>လက်မှတ်ထိုးပါ</u> (ပထမစာမျက်နှာတွင်သာ)

※5 အကောင့်ဖွင့်ချိန်တွင် တံဆိပ်တုံး၊ လက်မှတ်ကို အသုံးမပြုဘဲ စာရင်းသွင်းခဲ့သူများမှာ <u>"印鑑レス (တံဆိပ်တုံးမရှိ)" ကို အဝိုင်းဝိုင်းပါ။</u>

၃ ရွက်မြောက်မှာ အသုံးပြုသူအတွက် မိတ္တူဖြစ်သည်။ ပို့ချိန်တွင် မျက်နှာဖုံးရှိ လမ်းညွှန်နှင့် ၃ရွက်မြောက်ကို ဖြတ်ယူပြီး အလည်မှ ခေါက်ချိုး၍ ဖိဆက်ကာ စာတိုက်ပုံးတွင်ထည့်ပါ။